**၇။ သက္ကုဒါနသုတ်**
**ဝင်းမေတ္တာ ဓမ္မသင်တန်းသူ သင်တန်းသား ယောဂီများ စုပေါင်း၍**
**သက္ကုဒါန (သိကြားဥဒါန်း) သုတ္တန်ကို ရွတ်ပူဇော်ခြင်း အစီအစဉ်**
**သာသနာတော်နှစ် ၂၅၆၇ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ တပေါင်း လဆန်း ၈ ရက်၊**
**ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ မတ်လ ၁၇ ရက်၊ တနင်္ဂနွေနေ့။**

-------------------

၁။ **နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**။ သာသနာတော်နှစ် ၂၅၆၇ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၈၅ ခုနှစ်၊ တပေါင်း လဆန်း ၈ ရက်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ မတ်လ ၁၇ ရက်၊ တနင်္ဂနွေနေ့။ ဝင်းမေတ္တာ ဓမ္မသင်တန်းသူ သင်တန်းသားများ စုပေါင်း၍ သုတ္တန္တပိဋက၊ ခုဒ္ဒကနိကာယ်၊ ဥဒါနပါဠိတော်၌ လာသော သက္ကုဒါန (သိကြားဥဒါန်း)လို့ အမည်ရတဲ့ သုတ္တန်ကြီးကို စာပိုဒ်အလိုက် တာဝန်ယူ၍ မိမိတို့ ကျရာ စာပိုဒ်များကို ယခုအချိန်မှစတင်၍ ရွတ်ဖတ်ပူဇော်ကြမှာ ဖြစ်ပါတယ်။ ဒီသုတ္တန်ကြီးကို မရွတ်ဖတ်ခင်မှာ ဒီသုတ္တန်နှင့် စပ်လျဉ်း၍ ကြည်ညိုဖွယ် သိမှတ်စရာများနှင့် သုတ္တန်တရားတော်ရဲ့ အနှစ်ချုပ်ကို နာယူ ကြည်ညို ပူဇော်ကြပါဦးစို့။

၂။ အရှင်မဟာကဿပမထေရ်ဟာ ဗုဒ္ဓသာသနာမှာ အလွန် ထင်ရှားပါတယ်။ အရှင်မြတ်ဟာ ရဟန်းဖြစ်တဲ့နေ့မှစပြီး အသက်ထက်ဆုံး ဓုတင် ၁၃ ပါးလုံးကို ကျင့်တော်မူတဲ့ အတွက် ဓုတင်အရာမှာ ဧတဒဂ်ဘွဲ့ရသူ ဖြစ်ပါတယ်။ ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန် စံလွန်ပြီးနောက် သုံးလခန့်အကြာမှာ ဆဠာဘိညလို့ခေါ်တဲ့ အဘိညာဏ် ၆ ပါးနဲ့ ပြည့်စုံကြတဲ့ ရဟန္တာကြီးတွေရဲ့ ရွေးချယ်တင်မြှောက်မှုဖြင့် အရှင်မဟာကဿပမထေရ်ဟာ သံတော်များရဲ့ ဦးဆောင်မထေရ်ကြီး ဖြစ်လာပြီး ကြဲပြန့်နေတဲ့ မြတ်ဗုဒ္ဓရဲ့ တရားတော်တွေကို စုစည်းဖို့ ရည်ရွယ်ချက်နဲ့ ပထမသံဂါယနာပွဲကို ဦးဆောင် ကျင်းပတော်မူခဲ့ပါတယ်။ အရှင်မြတ်ရဲ့ ထူးခြားပြီး ကြည်ညို မြတ်နိုးဖွယ် ပုဂ္ဂိုလ်ရေး စရိုက်လက္ခဏာတစ်ခုမှာ ဆင်းရဲတဲ့ သတ္တဝါတွေကို ချီးမြှောက်လိုတဲ့ ဆန္ဒနဲ့ မကြာခဏ နိရောဓသမာပတ်ကို ဝင်စားတော်မူခြင်း ဖြစ်ပါတယ်။

၃။ အလှူခံ ပုဂ္ဂိုလ်သည် အနာဂါမ် သို့မဟုတ် ရဟန္တာဖြစ်ခြင်း၊ အလှူရှင်သည် စေတနာ ထက်သန်ခြင်း၊ တရားသဖြင့် ရတဲ့ လှူဖွယ်ဝတ္ထုဖြစ်ခြင်း၊ အလှူခံပုဂ္ဂိုလ်က နိရောဓသမာပတ်မှ ထပြီးခါစ ဖြစ်ခြင်း ဆိုတဲ့ အကြောင်း လေးခုနဲ့ ပြည့်စုံရင် ဒိဋ္ဌဓမ္မ (ယခုလက်ငင်း) အကျိုးပေးကြောင်း ကျမ်းဂန်မှာ မွှမ်းဆိုပါတယ်။ 'အကာဆူးခက်၊ အင်ဖက်အမိုး၊ ကျူရိုးတိုင်ထူ၊ နေပူကျဲကျဲ၊ ဝက်သိုက်ထဲတွင်၊ အုတ်ခဲခေါင်းအုံး၊ အိုးတစ်လုံးဖျာမရှိ၊ ဘူမိကမ္ပလာ၊ မြေမွေ့ယာနှင့်'လို့ စာတင်ရလောက်အောင် ဆင်းရဲတဲ့ ကာကဝဋ္ဋိယလို့ အမည်ရတဲ့ ဆင်းရဲသား ဇနီးမောင်နှံဟာ နိရောဓသမာပတ်မှ ထပြီးခါစ အရှင်မဟာကဿပကို သစ်ရွက်နှင့်ရောတဲ့ ဆားမပါ အရသာချဉ်တဲ့ ယာဂု.ကစည်ရည်ကို လှူဒါန်းတဲ့ ကုသိုလ်ကြောင့် ၇ ရက် အကြာမှာ သူဌေးဘဝကို ရရှိသွားကြောင်းလည်း ကျမ်းဂန်မှာ ဖော်ပြပါတယ်။

၄။ အခါတစ်ပါးမှာ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်တဲ့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူပါတယ်။ ထိုအခါ အသျှင်မဟာကဿပသည် ပိပ္ပလိလိုဏ်ဂူ၌ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် သမာဓိကို ဝင်စားလျက် တင်ပလ္လင်ခွေ တစ်ထိုင်တည်းဖြင့် ထိုင်နေတော်မူတယ်။ အရှင်မြတ်သည် ထိုခုနစ်ရက် လွန်၍ နိရောဓသမာပတ် သမာဓိမှထတော်မူပြီးနောက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ရန် အကြံဖြစ်တော်မူတယ်။ အဲဒီအခါ သိကြားမင်းရဲ့ အခစားများဖြစ်ကြတဲ့ နတ်သမီးငါးရာတို့သည် အသျှင်မြတ်အား ဆွမ်းလောင်းလှူရန် ရောက်လာကြပါတယ်။ ဆင်းရဲသူတို့အား ချီးမြှောက်လိုတဲ့အတွက် အသျှင်မဟာကဿပသည် ထိုနတ်သမီးများအား တားမြစ်၍ နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်လျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူပါတယ်။

၅။ နတ်သမီး ငါးရာတို့ထံမှ အကျိုးအကြောင်းကို သိရသဖြင့် နတ်တို့အရှင် သိကြားမင်းသည် ဇနီးဖြစ်သူ အသုရာနတ်မင်း၏ သမီးတော် သုဇာတာနှင့်အတူ အသျှင်မဟာကဿပအား ဆွမ်းလှူခွင့်ရရန် ကြံစည်ပြီး ရက်ကန်းသည် အဖိုးအို အဖွားအို အသွင်ကို ဖန်ဆင်း၍ ရက်ကန်း ရက်နေ၏။ သုဇာသည် ရက်ဖောက်လုံးတွင် ချည်ရစ်သွင်းနေ၏။ အသျှင်မဟာကဿပသည် ရာဇဂြိုဟ်မြို့၌ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်လတ်သော် နတ်တို့ အရှင်သိကြားမင်း၏ နေအိမ်သို့ ချဉ်းကပ်လာ၏။ နတ်တို့အရှင် သိကြားမင်းသည် ကြွလာသော အသျှင်မဟာကဿပကို အဝေးကပင် မြင်၍ အိမ်မှ ထွက်ပြီးလျှင် ခရီးဦးကြိုဆို၍ လက်မှ သပိတ်ကို ယူပြီးလျှင်အိမ်သို့ ဝင်ကာ ထမင်းအိုးမှ ထမင်းကို ခူး၍ သပိတ်ကို ပြည့်စေလျက် အသျှင်မဟာကဿပအား ပေးလှူ၏။

၆။ သိကြားမင်း ဇနီးမောင်နှံ လှူဒါန်းသော ဆွမ်းမှာ (ပဲနောက်စသော) အမျိုးမျိုးသောဟင်း အထူးထူးသော လက်သုပ်ဟင်းလျာ အရသာမျိုးစုံရှိသော စားမဲဟင်းလျာတွေ ဖြစ်ပြီး ဝေးရာအရပ်သို့ပင် ဟင်းရနံ့များ မွှေးကြိုင်သွားပါတယ်။ အဲဒီအခါမှာ အသျှင်မဟာကဿပအား 'ဤသို့ တန်ခိုးအာနုဘော်ရှိသည့် ဤပုဂ္ဂိုလ်ကား အဘယ်သူနည်း'ဟု ဆင်ခြင်တော်မူသဖြင့် နတ်တို့အရှင် သိကြားမင်းဖြစ်ကြောင်း သိသွားတဲ့အခါ အရှင်မြတ်ကြီးက နတ်တို့အရှင် သိကြားမင်းကို အမျိုးအနွယ် နာမည်ဖြင့် 'ကောသိယ သင်သည် ဤအမှုကို ပြုဘိ၏။ ဤသို့သော အမှုကို နောက်တစ်ဖန် မပြုပါလင့်'လို့ မိန့်တော်မူပါတယ်။ အဲဒီအခါ သိကြားမင်းက 'အသျှင်ဘုရား မဟာကဿပ၊ တပည့်တော်တို့လည်း ကုသိုလ်ကောင်းမှုကို ပြုလိုကြပါ၏။ တပည့်တော်တို့လည်း ကုသိုလ်ကောင်းမှုကို ပြုထိုက်ပါသေးသည်'လို့ ပြန်ပြီး လျှောက်ထားပါတယ်။

၇။ ထို့နောက် နတ်တို့အရှင် သိကြားမင်းသည် အသျှင်မဟာကဿပအား ရိုသေစွာ ရှိခိုးဦးချ၍ အရိုအသေပြုလျက် ကောင်းကင်သို့ ပျံတက်ပြီးလျှင် ဟင်းလင်းအပြင် ကောင်းကင်မှနေ၍ 'အသျှင်မဟာကဿပ၌ တည်သော ဒါနသည် အံ့သြဖွယ် ဒါနပါပေတည်း။ မြတ်သော ဒါနပါပေတည်း။ အသျှင်မဟာကဿပ၌ တည်သော ဒါနသည် အံ့သြဖွယ် ဒါနပါပေတည်း။ မြတ်သော ဒါနပါပေတည်း။ အသျှင်မဟာကဿပ၌ တည်သော ဒါနသည် အံ့သြဖွယ် ဒါနပါပေတည်း။ မြတ်သော ဒါနပါပေတည်း'ဟု

သုံးကြိမ်တိုင်တိုင် ရင်းတွင်းမဆုံ ဖြစ်ပေါ်လာတဲ့ ပီတိအဟုန်ကြောင့် ဝမ်းမြောက်နှစ်သက် မြွက်ဆိုသည့် အနေဖြင့် ဥဒါန်းစကား ကျူးရင့် လိုက်ပါတယ်။

၈။ ယင်းသို့ နတ်တို့သနင်း သိကြားမင်းရဲ့ ဟင်းလင်းအပြင် ကောင်းကင်ထက်မှ သုံးကြိမ်တိုင်တိုင် ဝမ်းမြောက်ပီတိဖြစ်၍ ဥဒါန်းကျူးရင့်သံကို လူတို့၏ နားအကြားကို လွန်သော နတ်တို့၏ သောတပသာဒ နှင့်တူသော စင်ကြယ်သော ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံးလျက်ပင် ကြားတော်မူပြီး ရဟန်းတော်များ ဖြစ်ကြောင်းစုံလင် မိန့်ကြားတော်မူပါတယ်။ ထို့နောက် မြတ်စွာဘုရားသည် ကောင်းသော အကျင့်မြတ်ကြောင့် ဂုဏ်အထူး၌ တည်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို နတ်ရော လူပါ ရိုသေပြီး အလွန်ပင် ချစ်မြတ်နိုးကြကြောင်း သိမြင်တော်မူသဖြင့် 'ပိဏ္ဍပါတ်ဓုတင်ကို ဆောင်သော၊ မိမိကိုယ်ကို မွေးမြူသော၊ သူတစ်ပါးတို့ မွေးမြူခြင်းကို မခံယူသော၊ အမြဲမပြတ် သတိရှိသော၊ ကိလေသာ ငြိမ်းအေး၍ တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန်းအား နတ်လူတို့ ချစ်မြတ်နိုး ကုန်၏'လို့ ဤဥဒါန်းစကားကို မြွက်ဆိုတော်မူပါတယ်။

၉။ အရှင်မဟာကဿပ မထေရ်ဟာ ဓုတင် ၁၃ ပါးလုံးကို ဆောင်သော်လည်း ဤသုတ္တန်မှာ ဖြစ်ရပ်ဝတ္ထု အားလျော်စွာ ပိဏ္ဍပါတ်ဓုတင် တစ်ပါးကိုသာ ချီးမွမ်း ဖော်ပြခြင်း ဖြစ်ပါတယ်။ အရှင်မြတ်ဟာ လွယ် လွယ်ကူကူ ရရှိတဲ့ အနည်းငယ်မျှသော ပစ္စည်းလေးပါးနှင့် မျှတနိုင်လို့ 'မိမိကိုယ်ကို မွေးမြူသူ' ဖြစ်ပါတယ်။ ပစ္စည်းဝတ္ထုစသည်ကို ချီးမြှောက် ပေးကမ်းပြီး တပည့်ဒကာတွေရဲ့ မွေးမြူမှုကို မခံယူတဲ့အတွက် 'အနညပေါသီ = သူတစ်ပါးတို့ မွေးမြူခြင်းကို မခံယူသူ'လည်း ဖြစ်ပါတယ်။ အရဟတ္တဖိုလ်ကို ရရှိပြီးဖြစ်လို့ ကိလေသာ အပူအားလုံး ငြိမ်းပြီးသူ၊ ထို့ကြောင့်ပင် အလိုရှိအပ်သော ဣဋ္ဌအာရုံ၊ အလိုမရှိအပ်သော အနိဋ္ဌအာရုံတို့၌ တုန်လှုပ်ခြင်း မရှိသည့် တာဒိဂုဏ်နှင့် ပြည့်စုံသည့် အရှင်မြတ်အား နတ်တို့ပင် ချစ်မြတ်နိုးကြတဲ့အတွက် လူသားတစ်ယောက်အဖို့ အဘယ်မှာလျှင် မချစ်မြတ်နိုးဘဲ ရှိနိုင်ပါမည်နည်း။

၁၀။ မြတ်စွာဘုရားဟာ သက်တော်ထင်ရှား ရှိစဉ်က မိမိ မရှိသည့်နောက်တွင် သာသနာတော်ကို ဦးဆောင်မဲ့ ပုဂ္ဂိုလ်အဖြစ် အရှင်မြတ်အား ယုံကြည်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ မိမိရဲ့ ဒုကုဋ် သင်္ကန်းတော်နှင့် အရှင်မဟာကဿပရဲ့ ဒုကုဋ်သင်္ကန်းကို လဲလှယ် ဝတ်ရုံတော်မူတဲ့အထိ အလွန် ကြီးမြတ်တော်မူပြီး ဣဋ္ဌအာရုံ၊ အနိဋ္ဌအာရုံတို့၌ တုန်လှုပ်ခြင်းမရှိသော တာဒိဂုဏ်နှင့် လုံးဝကုံလုံ ပြည့်စုံတော်မူတဲ့ အရှင်မဟာ ကဿပ မထေရ်မြတ်အား ဆွမ်းလှူဒါန်းခွင့်ရပြီး ကြည်နူးဝမ်းသာ ဖြစ်သွားတဲ့ သိကြားမင်းရဲ့ ဥဒါန်း စကား၊ ထိုဥဒါန်းကို အကြောင်းပြုပြီး မြတ်စွာဘုရားရဲ့ ကျူးရင့်တော်မူတဲ့ ထပ်ဆင့် ဥဒါန်းစကားတော် များကို အာရုံယူပြီးလျှင် သိကြားဥဒါန်းလို့ အမည်ရတဲ့ 'သက္ကုဒါနသုတ္တန်’ ဒေသနာတော်မြတ်ကို သဒ္ဓါ ထုံပွား ကြည်ညိုသော စိတ်ထားဖြင့် ရွတ်ပွားပူဇော်ကြပါစို့။

------------------------------